ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီမံကိန်း ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

ကြေညာချက် (၁၃/၂၀၂၁)
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်။

“နွေဦးတော်လှန်ရေး အထူးငွေတိုက်စာချုပ်များ စတင်ထုတ်ဝေရောင်းချမည့် နေ့ရက်ကို အသိပေးကြေညာခြင်း”

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ နွေဦးတော်လှန်ရေး အထူးငွေတိုက်စာချုပ်များကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် စတင်ထုတ်ဝေ ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ ငွေတိုက်စာချုပ်များကို အမေရိကန်ဒေါ်လာ ၁၀၀၊ ၅၀၀၊ ၁၀၀၀၊ ၅၀၀၀ တန် အမျိုးအစားလေးမျိုးဖြင့် အတိုးမဲ့ ထုတ်ဝေရောင်းချသွားမည် ဖြစ်ပါသည်။

၃။ ငွေတိုက်စာချုပ်များ၏ သက်တမ်းမှာ ၂ နှစ်ဖြစ်ပြီး သက်တမ်းစေ့ရောက်သည့်အချိန် မတိုင်မီ တဆင့်ပြန်လည် လွှဲပြောင်း၊ ရောင်းချ၊ ဝယ်ယူခွင့် မရှိပါ။

၄။ သက်တမ်းစေ့ရောက်ပြီးနောက်တွင် တဆင့်ပြန်လည် လွှဲပြောင်း၊ ရောင်းချ၊ ဝယ်ယူလိုပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။

၅။ သက်တမ်းစေ့ရောက်၍ ပြန်လည်ရွေးနုတ်သည့်အခါ ဝယ်ယူစဉ်က အသုံးပြုထားသော အမည်နှင့် သက်သေခံကဒ်ပြားအမှတ်တို့ကို မှန်ကန်ကိုက်ညီကြောင်း အထောက်အထားတင်ပြနိုင်သူသာ ပြန်လည် ရွေးနုတ်ခွင့် ရှိပါသည်။

၆။ မြန်မာ့မြေပေါ်မှ စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းသွားစေရန် ခိုင်မာပြတ်သားသော သန္နိဋ္ဌာန် ဖြင့် ရဲဝံ့ယုံကြည်စွာ ရင်းနှီးမြှုပ်နှံမှုအတွက် သမိုင်းမှတ်တမ်း ကမ္ဘည်းမော်ကွန်း တင်အပ်ပါသည်။

တင်ထွန်းနိုင်
ပြည်ထောင်စုဝန်ကြီး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန